ကိုရင် ဗုဒ္ဓရက္ခိတ............ ပရိမဏ္ဍလ ဖြစ်အောင် သင်းပိုင်ဝတ်ထားသော ကိုရင်ကလေးများ၏ ပုံကို ကြည့်ပြီး သင်းပိုင်ကို ဝတ်စမ်းပါ။

(၁) သင်းပိုင်အစ ၂-ဖက်ကို ညီညီထားပါ။

(၂) မခေါက်ခင် ဗိုက်နှင့်ကပ်နေသော သင်းပိုင်၏ ယာဘက် အဖျားကို အထက်သို့ နန့်ဆွဲတင်ပါ။

(၃) ၂-လွှာ ပူးထားသော သင်းပိုင်ကို ၂-ခေါက်ဖြစ်အောင် ခေါက်၍ ဗိုက်မှာ ကပ်ပါ။

(၄) ထိုအခေါက်၏ အဖျားကို ညီညီကိုင်ပြီး အထက်သို့ နန့်နဲ့ ဆွဲ၍ လိပ်ပါ။

(၅) လိပ်သောအခါ ဒူးဆစ်အောက် လက်ရှစ်သစ်လောက် ကျနေအောင် မှန်းပြီး လိပ်ပါ။

**အမှာ။** ။အလိပ်မှာ ၂-လိပ် သို့မဟုတ် ၃-လိပ်လောက်သာ တော်၏၊ ထို့ထက် များနေလျှင် ဘုကြီး ဖြစ်နေ၍ ကြည့်လို့လည်း မကောင်း, နေလို့လည်း မကောင်းပါ၊ ထို့ကြောင့် သင်းပိုင်က ရှည်လွန်းလျှင် ကိုရင်နှင့် သင့်တော်အောင် ဖြတ်ပေးကြပါလေ။

ကေသီကိုလည်း ကိုရင်နှင့် အရွယ်တော်သော ကေသီကိုသာ ဝတ်ပါစေ၊ အလွန်ရှည်နေသော ကေသီကို ညီအောင် ရန်းသော်လည်း ညီညီ ညွတ်ညွတ်ဖြစ်အောင် မရန်းနိုင်ကြသဖြင့် အချိုးမကျဘဲ ဖြစ်ပါလိမ့်မည်။